## ကိုကိုကြီးအဖမ်းမခံရခင် တစ်ရက် စက်တင်ဘာ ၂၆ရက်၊ ၂၀၀၆ နေ့ညမှာ ပြောခဲ့သောစကားများ

အခုတလောမှာပေ့ါလေ၊ ကိုကိုကြီးတို့ ၈၈မျိုးဆက်ကျောင်းသား အဖွဲ့နဲ့ပတ်သတ်ပြီးတော့ သတင်းစာထဲမှာ ဆက်တိုက်ဆိုသလို စွပ်စွဲတာတွေ၊ တိုက်ခိုက်တာတွေ တောက်လျှောက်တွေ့နေရပါတယ်။ အဲ့တော့ တချို့ကလည်း စိုးရိမ်တာတွေရှိတယ်ပေ့ါလေ။ ကိုကိုကြီးတို့ ကို မကြာခင်မှာ ဖမ်းဆီးတာတွေ၊ အရေးယူတာတွေ များဖြစ်လာမလား ဆိုပြီးတော့ စိုးရိမ်ကြတာတွေရှိပါတယ်။ အဲ့ဒါတွေနဲ့ ပတ်သတ်ပြီး တော့ ကိုကိုကြီးရဲ့ အမြင်လေးသိပါရစေ။

ကျွန်တော်တို့အနေနဲ့ ဖမ်းဆီးတာတွေ၊ အရေးယူတာတွေ ဆိုတာက အထူးအဆန်းတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိုယ်တိုင် လည်း ထောင်ထဲမှာ ၁၄ ၊ ၁၅ နှစ်နေခဲ့ရပြီးပြီ၊ ထောင်ထဲမှာ ဘယ်လိုနေရထိုင်ရမယ်ဆိုတာလည်း ကျွန်တော်တို့ အကျွမ်းတဝင် ဖြစ်ပြီးသားပါ။ တခုပဲ၊ ကျွန်တော်တို့က အဖမ်းခံရမှာမကြောက်ဖူး၊ အလုပ်မလုပ်နိုင်မှာပဲစိုးတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့က အကျဉ်းကျနေတဲ့ဘဝ၊ လွတ်လပ်မှု ဆိတ်သုဉ်းနေတဲ့ဘဝမှာ လူငယ်ဘဝတခုလုံးပေးဆပ်ခဲ့ရတဲ့အခါကျတော့ လွတ်လပ်မှုရဲ့ တန်ဖိုးကို တခြားသူတွေထက် ပိုပြီးတော့ လည်းသိတယ်၊ ပိုပြီးတော့လည်း ခံစားနိုင်တယ်။ ကျွန်တော်တို့ဟာ လွတ်လပ်မှုကို မြတ်နိုးပါလျှက်နဲ့ ဘာ့ကြောင့် ကျွန်တော်တို့ဟာ ဒီလိုမျိုးအဖမ်းဆီးခံရမဲ့ အချုပ်နှောင်ခံရမဲ့ အလုပ်မျိုးကို လုပ်နေသလဲ ဆိုတော့ သန်း၅၀ကျော် ပြည်သူတွေ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ထိတ်ထိတ်လန့်လန့်နဲ့ နေနေရနေတဲ့ ဘဝတွေကနေ လွတ်မြောက်ဖို့ အတွက် လွတ်လပ်တဲ့၊ ငြိမ်းချမ်းတဲ့ ဘဝတွေ ခံစားနိုင်ဖို့အတွက် ကျွန်တော်တို့ တဦးချင်းရဲ့ လွတ်လပ်မှုတွေကို ပေးဆပ်ပစ်မယ်၊ စတေးပစ်မယ်လို့ ကိုယ့်ကိုယ်ကို ပိုင်းဖြတ်ပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ လုပ်ကတည်းက ကမူးရှူးထိုးနဲ့ ဖမ်းသွားပါလေ့စေ၊ ဖမ်းရင် ဖမ်းသွားပါလေ့စေ ဆိုပြီးတော့ မျက်ကန်းတောတိုး လုပ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆယ့်လေး၊ငါး နှစ် ထောင်ထဲမှာ အကျဉ်းကျနေတဲ့ ကာလတွေ အတွင်းမှာလည်းပဲ ကျွန်တော်တို့ အလေးအနက် စဉ်းစားပါတယ်။ ကျွန်တော်တို့နိုင်ငံကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်ပေါ်ပြောင်းလဲ သွားအောင် ကျွန်တော်တို့ ဘယ်လို ကြိုးပမ်းကြမလဲ၊ ဘယ်လို ချဉ်းကပ်ကြမလဲလို့ ကျွန်တော်တို့ ထောင်ထဲမှာ ကတည်းက၊ အကျဉ်းကျနေတဲ့ ဘဝမှာကတည်းက ကျွန်တော်တို့ အလေးအနက် စဉ်းစားပါတယ်။ ဒ့ါကြောင့်လည်းပဲ ကျွန်တော်တို့ ပြန်ထွက်လာတဲ့ အချိန်ကစပြီးတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အရေးတကြီး ဆောင်ရွက်ကြဖို့၊ ဒါဟာ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်နေတဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အကျပ်အတည်းအားလုံး၊ ဒုက္ခ သုက္ခအားလုံးရဲ့ အခြေခံဇစ်မြစ်ဟာ အမျိုးသားပြန်လည် သင့်မြတ်ရေးပဲလို့

လေးလေးနက်နက်ကို ခံယူတဲ့အတွက်ကြောင့် လွတ်လာကတည်းက ကျွန်တော်အပါအဝင် ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ အကုန်လုံးက တိုင်ပင်ထားသလိုပဲ တညီတညွတ်တည်း ဒါကို ရေ‌စေတ်သလို တဆာဆာ တောင်းလာခဲ့တာပါ။ တိုက်တွန်း လာခဲ့တာပါ။ အခုအချိန်ထိပါပဲ။ အဲ့ဒီတော့ ကျွန်တော်တို့ရဲ့စေတနာ ကျွန်တော်တို့ နိုင်ငံသားတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်ထွန်းတိုးတက် စေချင်တဲ့စေတနာ အဲ့ဒီအထဲမှာ နိုင်ငံသားဆိုလို့ ကိုယ့်ကို ထောက်ခံတဲ့သူတွေ ကိုယ့်ကို အားပေးတဲ့ သူတွေသက်သက် ကိုပဲ ပြောနေတာ ဂမဟုတ်ဘူး၊ တပ်မတော်သားတွေ၊ တပ်မတော်သား မိသားစုတွေ၊ အရာထမ်း အမှုထမ်းတွေ၊ နောက်ဆုံး ကျွန်တော်တို့ကို ဖမ်းဆီး ထောင်ချပစ်လိုက်တဲ့ ပုဂ္ဂိုလ်တွေ အားလုံး အကျုံးဝင်တယ်။ ကျွန်တော်တို့ ခံစားစေချင်တဲ့ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း အရသာကို ခံစားစေချင်တဲ့ သူတွေထဲမှာ သူ့လူကိုယ့်လူ မခွဲဘူး၊ အားလုံး အသီးသီး ညီတူမျှတူ ခံစားစေချင်တယ်။ ဒါ ကျွန်တော်တို့စေတနာပဲ။ အဲ့ဒီအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ရင်းနဲ့ ကျွန်တော်တို့ အဖမ်းခံသွားရလည်း ကျွန်တော်တို့ ပျော်ပျော်ကြီးပဲ အဖမ်းခံ ပစ်လိုက်မှာပဲ။ အဲ့ဒီတော့ လူကိုဖမ်းလို့ရတယ်။ ကျွန်တော်တို့ရဲ့ စိတ်ဝိဉာဉ်တွေ၊ ကျွန်တော်တို့ရဲ့ ယုံကြည်မှုတွေကိုတော့ ချုပ်နှောင်ထားလို့ မရဘူး၊ သတ်ဖြတ်ပစ်လို့ မရဘူး၊ ကျွန်တော်တို့ သက်ရှိထင်ရှား မရှိတော့ရင်တောင်မှ ကျွန်တော်တို့ယုံကြည်မှုတွေနဲ့ ကျွန်တော်တို့ရဲ့ စိတ်စေတနာတွေဟာ ကျွန်တော်တို့ ဧရာဝတီ မြစ်ရိုးတလျှောက်၊ ရိုးမကြီးတလျှောက်လုံးမှာ ပြန့်နှံ့ပြီးတော့ သက်ဝင်နေလိမ့်မယ်၊ တည်ရှိနေလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပြီးသား၊ အဲ့ဒီတော့ တကယ်လို့ အဖမ်းခံရရင်လည်း ကျွန်တော်တို့ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားမှာပါ။ အဲ့သလို ကြုံလာရတဲ့ အခါမျိုးမှာလည်း ကျွန်တော်တို့ကို တရားခံ တယောက်လို စစ်မေးတာမျိုးကိုလည်း ကျွန်တော်တို့ လက်ခံမှာမဟုတ်ဘူး၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍကို ရှင်းရှင်းပဲ ကျွန်တော်တို့ ပြောမယ်။ ကျွန်တော်တို့ဟာ အကျိုးဆောင်တွေ တနည်းအားဖြင့် ရှေ့နေတွေ၊ ပြည်သူတွေရဲ့ ခံစားနေရတဲ့ ဝေဒနာတွေကို၊ ခံစားနေရတဲ့ အခက်အခဲတွေကို သူတို့ကိုယ်စား ကျွန်တော်တို့က အကျိုးဆောင် ပေးနေတဲ့ပုဂ္ဂိုလ်တွေ၊ အဲ့ဒီတော့ ရှေ့နေကို တရားခံလို စစ်မေးတာမျိုးကို ကျွန်တော်တို့ လက်ခံမှာမဟုတ်ဘူး၊ ကျွန်တော်တို့ကို ကျွန်တော်တို့ စိတ်ကူး၊ စိတ်သန်းတွေ တိုင်းပြည်ကို ကျွန်တော်တို့ ဖြစ်စေချင်တဲ့ စေတနာတွေနဲ့ ပတ်သတ်လို့ ဆွေးနွေးခွင့်ရခဲ့ရင် ကျွန်တော်တို့ ဆွေးနွေးမယ်။ အဲ့သလိုမှ မဟုတ်ပဲနဲ့ ကျွန်တော်တို့ကို စာရွက်တရွက်နဲ့ ဘောလ်ပင်တချောင်း ဘယ်ကရသလဲ၊ ဘယ်လို လုပ်သလဲဆိုတာမျိုးကို ကလေးကလား ကိစ္စမျိုးကို ကျွန်တော်တို့က တရားခံပုံစံမျိုးနဲ့ ကျွန်တော်တို့ အစစ်မေးခံမှာ မဟုတ်ဘူး၊ အဲ့ဒါတွေကို ကျွန်တော်တို့ ဖြေကြားနေမှာလည်း မဟုတ်ဘူး၊ ကျွန်တော်တို့ဟာ အင်မတန် ကြီးကျယ်မြင့်မြတ်တဲ့ တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးကို ကျွန်တော်တို့ ကြိုးပမ်းနေတာ ဆောင်ရွက်နေတာ၊ အဲ့ဒီအတွက် နိုင်ငံရေးအရ အရေးပါတဲ့ သူတွေ၊ အဖွဲ့အစည်းတွေ အားလုံး ဒီ အမျိုးသား

ပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားမှာပဲ။ စိတ်ရှည်လက်ရှည်နဲ့ ကျွန်တော်တို့ ကြိုးစားမှာပဲ။ ကျွန်တော်တို့တင် မဟုတ်ဘူး ဘက်အသီးသီးက ပုဂ္ဂိုလ်အားလုံးလည်း စိတ်ရှည်ရှည်နဲ့ သဘောထားကြီးကြီးနဲ့ အားလုံးကို ထိတွေ့ ဆွေးနွေးနိုင်အောင် ကြိုးစားဖို့ကိုလည်း ကျွန်တော်တို့ ထပ်ခါတလဲလဲ တိုက်တွန်း နေတယ်။ တခုပဲရှိတယ်။ ကျွန်တော်တို့ နိုင်ငံရေးယုံကြည်ချက်က ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးအတွက် အကြမ်းမဖက်၊ အနုနည်းနဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းမယ်ဆိုတာ ကျွန်တော်တို့ရဲ့ အဓိဋ္ဌာန်ပဲ။ သန္နိဋ္ဌာန်ပဲ။ အဲ့ဒီတော့ ကျွန်တော်တို့ လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ လက်နက်ကိုင် လမ်းစဉ်နဲ့ ပတ်သတ်တဲ့ ဟာတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ဘယ်တော့မှလည်း လုပ်မှာမဟုတ်ဘူး၊ ကျွန်တော်တို့မှာ ငြိမ်းချမ်းတဲ့ နည်းနဲ့ ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်း မှန်သမျှကိုတော့ ကျွန်တော်တို့ အသုံးချသွားမှာဖြစ်တယ်။

အဲ့တော့ ဒီနေရာမှာ ကျွန်တော်တို့ ပြည်သူတွေနဲ့ ပတ်သတ်တဲ့အပိုင်းလည်းရှိတယ်။ ပြည်သူတွေအနေနဲ့ နိုင်ငံရေးပြဿနာဟာ နိုင်ငံရေးသမား တွေနဲ့ပဲ ဆိုင်တယ်။ နိုင်ငံရေးပါတီတွေနဲ့ပဲ ဆိုင်တယ်ဆိုတဲ့ အယူအဆမျိုးနဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ပြောင်းလဲဖို့ မဖြစ်နိုင်ပါဘူး။ တဦးချင်းက ကိုယ်ကိုယ်ကို ငါ့မှာလည်းတာဝန်ရှိတယ်။ ငါတတ်နိုင်တဲ့ အပိုင်းကနေ ငါဆောင်ရွက်ပြမယ်ဆိုတဲ့ စိတ်နလုံးမျိုး မွေးမြူနိုင်မှ၊ ဒီလို စိတ်အခံမျိုး ထားနိုင်မှ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတခုလုံး လျှင်လျှင်မြန်မြန်နဲ့ ဖြစ်ပေါ်ပြောင်းလဲနိုင်မယ်လို့ ကျွန်တော်ပြောချင်တယ်။

အဲ ဟုတ်ပြီ၊ ဒီနေရာမှာ ကိုကိုကြီးက ပြည်သူတွေပါဝင်ဖို့ အပိုင်းကိုပြောတယ်။ ပြည်သူတွေ အနေနဲ့က စာဝတ်နေရေး အကျပ်အတည်းတွေကတမျိုး၊ နေ့စဉ်ရုန်းကန်ရ လှုပ်ရှားရတာတွေနဲ့ အဲ တဖက်ကလည်းပဲ ဟိုလူကြောက်ရ ၊ ဒီလူကြောက်ရနဲ့ အထိတ်ထိတ် အလန့်လန့်နဲ့ နေ နေရတဲ့ဘဝမျိုးမှာ ပြည်သူတွေ ပါဝင်ဖို့ဆိုတာ၊ ဘယ်လို ပါဝင် ဆောင်ရွက်ရမလဲ၊ အဲ့ဒါလေးတော့ တိတိကျကျ ပြည်သူတွေလဲ သိသွားအောင်ပေါ့လေ ပြောပြနိုင်လို့ရှိရင် ကိုကိုကြီးအနေနဲ့ ပြောပြပေးပါ။

ကျွန်တော့်အမြင်မှာတော့ ပြည်သူဆိုတာ ပြည်သူပဲ။ နိုင်ငံရေးသမားမဟုတ်ဘူး၊ နိုင်ငံရေးသမား တွေလိုမျိုး အယူဝါဒဆိုင်ရာတွေ၊ သီအိုရီတွေ အဲ့ဒါတွေသိမှ နိုင်ငံရေးလုပ်လို့ ရတယ်ဆိုတာလည်း မဟုတ်ဘူး၊ နိုင်ငံရေးသမားတွေလို တခါတည်း တသက်လုံးပဲ ထောင်ထဲနေရနေရ၊ အငတ်ငတ်အပြတ်ပြတ်နဲ့ သူ့ဘဝတခုလုံး နိုင်ငံရေးထဲမှာပဲ မြုပ်နှံထား တယ် ဆိုတာလည်း ပြည်သူတွေအနေနဲ့ လိုက်မလုပ်နိုင်ဘူး၊ ဒါ သဘာဝပဲ၊ ပြည်သူဆိုတာက သူ့တဦးချင်းရဲ့ ထမ်းဆောင်နိုင်တဲ့ အကန့်အသတ်ရှိတယ်။ သူ့မှာ မိသားစုနဲ့ ပတ်သတ်တဲ့ တာဝန်ရှိတယ်။ သူ့ ရပ်ကွက်၊ ရပ်ရွာနဲ့ ပတ်သက်တဲ့ တာဝန်ရှိတယ်။ အဲ့ဒီတော့

နိုင်ငံရေးသမားနဲ့ ထပ်တူတော့ ပြည်သူက လိုက်မလုပ်နိုင်ဘူး၊ နိုင်ငံရေးသမားတွေ တွေးသလိုလည်း ရှုပ်ရှုပ်ထွေးထွေးတွေ မတွေးနိုင်ဘူး၊ ပြည်သူတွေအနေနဲ့ တွေးနိုင်တဲ့အပိုင်း လုပ်နိုင်တဲ့အပိုင်းကတော့ ရှိစင်းပါတယ်။ အဓိကက ပြည်သူတယောက်ရဲ့ အဓိက သူနေ့စဉ် ဖြေရှင်းနေရတဲ့ စားဝတ်နေရေးပြဿနာ။ အဲ့ဒီတော့ စားဝတ်နေရေး ပြဿနာဖြေရှင်းရေးနဲ့ မလွဲမရှောင်သာ ဒီ အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ထိစပ်နိုင်ရမယ်၊ ပတ်သတ်နိုင်ရမယ်။ အဲ့ဒီအခါကျတော့မှ ဘာကိစ္စပဲလုပ်လုပ် စီပွားရေး လုပ်ငန်းတခုခု လုပ်ပြီဆိုရင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေကို ပေးရ၊ ကမ်းရ၊ ဟိုကနေပြီးတော့ ဖြတ်ပိုင်းလာလည်း ဖြတ်ရ၊ မလှူချင်လည်း လှူရ၊ စသဖြင့် ရင်ဆိုင်နေရတာတွေ ရှိတယ်။ ဆိုတော့ အဲ့ဒါတွေကို မကျေနပ်ပဲနဲ့လည်း အောင့်သီးအောင့်သက် ပေးနေရတယ်။ အဲ့ဒါ ဘာလဲဆိုတော့ အဓိက ကြောက်လို့ပဲ၊ အဲ့ဒီကြောက်တာနဲ့ ပတ်သတ်ပြီးတော့ သေချာပြန်ပြီး လေ့လာဖို့လိုမယ်။ ပြန်ပြီး ဆန်းစစ်ဖို့လိုမယ်။ နိုင်ငံရေးသမားတွေ လုပ်နေတာကို ဂဃနဏ မသိရင်တောင်မှ ဒီလူတွေ အနစ်နာခံပြီး လုပ်နေတယ်။ သူတို့ မလုပ်ရဲတာတွေ လုပ်နေတယ်ဆိုပြီးတော့ တိုးတိုးတိတ်တိတ် ကျွန်တော်တို့ကို ထောက်ခံ ကြတာတွေရှိတယ်။ တချို့လည်း တဆင့်စကားနဲ့ လှမ်းပြီးတော့ ချီးကျူးကြတာ၊ အားပေးကြတာတွေရှိတယ်။ သို့သော် သူတို့ကတော့ မလုပ်ရဲဘူး၊ နောက်တခါ နိုင်ငံရေးသမားနဲ့ သွားစကားပြောရင် သူနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံလို့ရှိရင် အန္တရာယ်ရှိတယ် ဆိုတဲ့အသိ အဲ့ဒါကြီးကလည်း ကျွန်တော်တို့ ပြည်သူတွေကြားထဲမှာ ခြိမ်းခြောက်နေတယ်။ အဲ့ဒီတော့ နိုင်ငံရေးကို တော့ထောက်ခံတယ်။ နိုင်ငံရေးသမားတော့ မဆက်ဆံရဲဘူး၊ ဆိုတော့ ဒါလဲ မဟုတ်သေးဘူး၊ နိုင်ငံရေးသမား ဆိုတာက ပြည်သူတွေနဲ့ ထိစပ်လို့မရဘူး၊ ပြည်သူတွေရဲ့ ထောက်ခံမှု မရဘူးဆိုရင် ဘာမှလုပ်လို့မရဘူး၊ အဲ့ဒီတော့ ပြည်သူတွေ လုပ်နိုင်တဲ့အပိုင်း၊ အနိမ့်ဆုံး လုပ်နိုင်တဲ့ အပိုင်းကတော့ ဆက်ဆံပါ။ နိုင်ငံရေးသမားကို ရဲရဲတင်းတင်းဆက်ဆံပါ။ ထောက်ခံပါ။ ဆူပူမှုလုပ်နေတာ မဟုတ်ဘူး၊ အကြမ်းဖက်မှု လုပ်နေတာမဟုတ်ဘူး၊

အဲ့ဒီတော့ အဲ့ဒီလို အခြေအနေမျိုးမှာ နိုင်ငံရေးမှာ ပြည်သူတွေပါဝင်ဖို့လိုတယ်။ ပြည်သူတွေမှာလည်း တာဝန်ရှိတယ်လို့ ပြောတာတွေ ကျွန်တော်တို့ ကြားရပါတယ်။ အဲ့ဒီတော့ ပြည်သူတွေ အနေနဲ့က ဘာတွေ လုပ်ပေးရမလဲ၊ ဘယ်လိုပါဝင်ရမလဲ၊ အဲ့ဒါတော့ နည်းနည်း ရှင်းရှင်းလေး ပြောပြပေးစေချင်ပါတယ်။

ကျွန်တော်တို့ ပြောပြောနေတာက ပြည်သူတွေရဲ့ အခန်းကဏ္ဍအရေးကြီးတယ်ဆိုတာ ဒါ ကျွန်တော်တို့ ထပ်ခါတလဲလဲ လည်းပြောပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ၅၄ သန်းရဲ့ လူနေမှုဘဝတွေ ဒီ လူ့အဖွဲ့အစည်းကြီး တခုလုံး ပြောင်းလဲပစ်ဖို့ ဆိုတာ နိုင်ငံရေးသမား ထောင်ဂဏန်းနဲ့ နိုင်ငံရေးပါတီ အစုအဖွဲ့တွေဆိုတာ လောက်နဲ့ ဘယ်လိုမှ မလုပ်နိုင်ပါဘူး၊ အဲ့ဒီတော့ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းဆိုတာ ကလည်း ပြည်သူတွေနဲ့ နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားဆိုတာ ရေနဲ့ကြာလိုပါဘဲ။ ရေမရှိပဲနဲ့ ကြာလည်းမရှိနိုင်ဘူး၊

အဲ့ဒီတော့ နိုင်ငံရေးသမားနဲ့ ပြည်သူနဲ့ကို နောက်တနည်း ဥပမာပေးရမယ်ဆိုရင် အမှုသည်နဲ့ ရှေ့နေနဲ့တူပါတယ်။ အမှုသည်က ဥပဒေနားမလည်ဘူး၊ သူဘယ်လိုခံရတယ်။ မတရားသဖြင့် သူဘယ်လို ခံရတယ်။ သူ ဘာတွေ နစ်နာတယ် ဆိုတာကို သူ မကျေနပ်တာ လောက်ပဲရှိတယ်။ အဲ့ဒါကို ဥပဒေကြောင်းအရ တရားခွင်မှာ ထိထိရောက်ရောက် လျှောက်လဲနိုင်ဖို့အတွက် စွဲဆိုနိုင်ဖို့အတွက် ရှေ့နေငှားရမယ်။ အဲ့ဒါ ရှေ့နေတော့ ငှားလိုက်ပါရဲ့ အမှုသည်က ရှေ့နေနဲ့ ပူးပေါင်းမှုမရှိပဲနဲ့ ဖာသိဖာသာ သူနဲ့မဆိုင်သလိုမျိုး နေမယ်ဆိုရင် အဲ့ဒီရှေ့နေက ဘာမှလုပ်လို့မရဘူး၊ အဲ့တော့ အမှုသည်က ဖြစ်ကြောင်းကုန်စင် ရှေ့နေကို ပြောပြဖို့ လိုတယ်။ ရှေ့နေနဲ့ ထိတွေ့ ဆက်ဆံဖို့လိုတယ်။ အဲ့ဒီလို အခြေအနေမျိုး မရှိဘူးဆိုရင် ရှေ့နေချည်းသက်သက်နဲ့ ဘာမှလုပ်လို့မရဘူး၊ အဲ့ဒါကြောင့်မို့လို့ နိုင်ငံရေး သမားတွေနဲ့ ပြည်သူတွေနဲ့ ဆိုတာကလည်း အမြဲတမ်း ဆက်စပ်ဖို့လိုတယ်။ အဲ့တော့ ဒီနေရာမှာ ပြည်သူတွေကို နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ မဆက်ဆံရဲအောင် ဖိအားပေးတာတွေ၊ ခြိမ်းခြောက်တာတွေ၊ နေရာအနှံ့မှာ ပုံသဏ္ဍာန်မျိုးစုံနဲ့ ရှိနေတယ်။ အဲ့ဒါကြောင့်လည်း ပြည်သူတွေအနေနဲ့ နိုင်ငံရေးလုပ်တဲ့သူတွေကို မခေါ်ရဲ၊ မပြောရဲ၊ မဆက်ဆံရဲ ဖြစ်နေကြတာလည်း ရှိတယ်။ အဲ့ဒီတော့ ပြည်သူတွေအနေနဲ့ လုပ်နိုင်တဲ့အပိုင်းက ဘာလဲဆိုတော့ ကိုယ့်ရှေ့နေကိုတော့ ကိုယ့် အကျိုးဆောင်ကိုတော့ ကိုယ် ရဲရဲတင်းတင်း ဆက်ဆံရဲဖို့လိုတယ်။ နိုင်ငံရေးသမားတွေလိုမျိုး သိပ်ပြီးတော့ အန္တရာယ်ရှိတဲ့ ကိစ္စမျိုး နစ်ရှည်လများ အဖမ်းဆီးခံ ထောင်ချခံရမဲ့ကိစ္စမျိုး မလုပ်ရဲဘူးဆိုရင် တောင်မှ နိုင်ငံရေးသမားတွေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံပြီးတော့ ကိုယ့်အခက်အခဲတွေ၊ ကိုယ်ကြုံတွေ့ရတဲ့ ပြဿနာတွေ အဲ့ဒါတွေကို ရင်ဖွင့်ဖို့ တိုင်ပင်ဖို့လိုတယ်။ အဲ့တော့ နိုင်ငံရေးသမားနဲ့ ဆက်ဆံလို့ လာပြီး မေးတာမြန်းတာတွေရှိတယ်။ ဒီလူနဲ့ဘယ်လိုသိသလဲ၊ ဘယ်တုန်းကသိတာလဲ၊ အခု ဘာတွေပြောသလဲ၊ သူက ဘာတွေပြောသလဲ၊ ဒါမျိုးတွေ လာပြီးမေးတာတွေရှိတယ်။ အဲ့ဒီတော့ ကျွန်တော် အကြံပေးချင်တာ၊ တိုက်တွန်းချင်တာက အဲ့ဒီတော့ ခင်ဗျားက အဲ့ဒီလိုမျိုး လာအမေးခံရရင် ကြောက်တယ်။ တကယ့်တကယ်တော့ သေသေချာချာ စဉ်းစားကြည့်၊ ခင်ဗျားကို လာမေးတဲ့လူ ကိုယ်၌ကလည်း ကြောက်နေတာပဲ။ အဲ့ဒါကို ကျွန်တော်တို့က သတိမထားမိဘူး။ လာမေးတဲ့သူက သူက သာမန်ဝန်ထမ်းပဲ၊ ထောက်လှမ်းရေး အဖွဲ့အစည်းတခုခုက ဝန်ထမ်းပဲ။ အဲ့တော့ သူ့မှာရှိတဲ့ အကြောက်တရားက သူ့ အထက်အဆင့်ဆင့်ကို သူက အစီရင်ခံစာ မတင်သွင်းနိုင်မှာ သတင်းမပို့နိုင်မှာ အဲ့ဒါ ကြောက်တယ်။ တကယ်လို့ သူက ဘာမှ သတင်းမပို့နိုင်ဘူးဆိုရင် သူ့ကို အရေးယူမှာ အပစ်ပေးမှာ အဲ့ဒါကို သူက ကြောက်တယ်။ ပြီးတော့ ခင်ဗျားတို့ကို လာမေးပြီ ဆိုကတည်းက သူကိုယ်၌က ခင်ဗျားတို့ကို ကြောက်လို့ လာမေးတာ၊ အဲ့ဒါကို ခင်ဗျားတို့ကလည်း ဘာမှ မစူးစမ်း မဆင်ခြင်တော့ပဲနဲ့ တန်းပြီးတော့ ကြောက်ပစ် လိုက်ကြတာပဲ၊ အဲ့တော့ မကြောက်ခင်မှာ ခဏလေးရပ်ပြီးတော့ စဉ်းစားကြည့်စမ်းပါ။ အော် ငါကသာကြောက်နေတာ၊ သူကလည်း ကြောက်ကြောက်နဲ့ လာမေးတာပါလား ဆိုရင် ကြောက်တဲ့လူ အချင်းချင်းမှာ

ခင်ဗျားက ပိုပြီးတော့ ကြောက်စရာ အကြောင်းမရှိတော့ဘူး၊ အဲ့ဒီတော့ တည်တည်ငြိမ်ငြိမ်ပဲ ပြန်ပြီးတော့ ရင်ဆိုင်ပါ။ ကျွန်တော်တို့ နင်ပဲငဆ ပြောစရာမလိုပါဘူး ကျွန်တော်တို့ နိုင်ငံသားအချင်းချင်း သူလည်း သူ့စားဝတ်နေရေး အတွက် ဒီအလုပ်ကို လုပ်နေရတာ။ ကြောက်လို့ ခင်ဗျားကို လာမေးနေတာ မဟုတ်ပါဘူး။ အဲ တစ်ခုတော့ရှိတယ် အကြောက်လွန်တဲ့ အခါမှာ ခြိမ်းခြောက်တာ မျိုးဖြစ်တတ်တယ်။ ခြိမ်းခြောက်တာ အကြောက်လွန်လို့ ခြိမ်းခြောက်တာ။ အဲ့ဒီတော့ ဘာတွေ ဖြစ်လာတတ်လည်း ဆိုတော့ လာမေးတဲ့သူကို တာဝန်ရှိတဲ့အဆင့် တစ်ယောက်ယောက်က ခင်းဗျားအဲ့ဒီ လူနဲ့မဆက်ဆံဖို့၊ ခင်ဗျား အဲ့ဒီအိမ်မသွားပါနဲ့၊ အဲ့ဒီတော့သွားရင်၊ ဆက်ဆံရင်တော့ ခင်ဗျား ဒုက္ခရောက်လိမ့်မယ် သို့မဟုတ် ခင်ဗျား အရေးယူ ခံရလိမ့်မယ်။ အဲ ကျွန်တော်တို့ ခလေးတွေ အတွက် နောက်စရာ၊ ရယ်စရာ စကားလုံးတွေနဲ့ ကျွန်တော်တို့ ပြောနေရတာပေ့ါ။ ဘယ်လောက် အဆင့်ရှိတဲ့ သူမှန်းတော့မသိဘူး။ အဲ့ဒီမှာ စပီကာနဲ့၊ အသံချက်စက်နဲ့ လျှောက်လျှောက်ပြီး အော်နေတယ်။ တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်ဆိုတာကို တည်ဆဲဆိုတာက ဘာဥပဒေလဲမသိ၊ ဘယ်လို အရေးယူရမှန်းလည်း မသိ အဲ့တာကို ခံတွင်းတွေတွေ့ပြီးတော့ မိုင်ခရိုဖုန်းကိုင်တဲ့ ပုဂ္ဂိုလ်တိုင်းက ရွာရိုးကိုး ပေါက်လုည့်ပြီးတော့ တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်ဆိုပြီးတော့ အော်နေတာ။ ကျွန်တော်တို့နိုင်ငံမှာ နေ့စဉ် ကြုံနေရတဲ့ ပြဿနာပါ။ အဲ့ဒီတော့ ကျွန်တော်တို့ ကြောက်တာလည်း တစ္ဆေသရဲ ကြောက်သလို ပေ့ါ၊ ဘာမှန်းညာမှန်းမသိ၊ ဟာ တည်ဆဲ ဥပဒေအရ အရေးယူခြင်း ခံရမည်ဆိုပြီး စဉ်းစားမနေတော့ပဲ တန်းပြီး ကြောက်ပစ်လိုက်ကြတာ၊ ကြောက်ပစ်လိုက်တာပဲ အန္တရယ် ကင်းတယ်ဆိုတဲ့ အတွေးအခေါ်တွေ၊ တွေးပုံခေါ်ပုံတွေက ခေါက်ရိုးကျိုးနေပြီ အဲ့ဒီတော့ တကယ့်တကယ် ကြောက်တော့ကြောက်ပါ။ ကြောက်အောင် လုပ်ရင်တော့ ကြောက်ပါတယ်။ သူသူကိုယ်ကိုယ် ကြောက်အောင်လုပ်ရင်တော့ ကြောက်ပါတယ်။ သို့သော် မကြောက်ခင်မှာ ခဏလေး ရပ်ပြီးတော့ စဉ်းစားကြည့်ကြပါ။ အဲ့ဒီသက်ဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ် တွေက နည်းနည်းလေးတော့ ပြန်မေးဖို့လိုတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူကိုယ်တိုင် ကြောက်နေတာကို လူတိုင်းကသိပါတယ်။ ကြောက်ကြောက်နဲ့လျှောက် လုပ်နေတာ။ အဲ့ဒီတော့ ယဉ်ယဉ်ကျေးကျေး ကျေးဇူးပဲပြီးတော့ ကျွန်တော် တဆိတ်မေးပါရစေ။ ခင်ဗျားသိချင်တာလည်း ကျွန်တော်ပြောမယ်။ ခင်ဗျားရဲ့ နာမည် ၊ ဘယ်အဖွဲ့အစည်းကလဲ၊ ဘာရာထူးအဆင့်လဲ၊ ခင်ဗျားရဲ့ တာဝန်အဆင့်အတန်းက ဘာလဲသိပါရစေ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့ ပြည်သူတွေ ကြုံနေရတာက ဘယ်သူလဲမသိ၊ ဘာဝါမှန်း မသိ၊ ယူနီ ဖောင်းလည်းမပါ၊ အရပ်ဝတ်ဆိုရင်ကို သူတို့ ကြောက်နေကြတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဟာ ဘယ်သူက လာပြီး ခြိမ်းခြောက်မှန်း ခြိမ်းခြောက်မှန်း မသိဖြစ်နေတယ်၊ အဲ့ဒီတော့ တကယ်လို့ တာဝန်ရှိတဲ့အဖွဲ့အစည်း က တာဝန်ရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်ယောက် က ကျွန်တော်တို့ကို လာမေးတာဆိုရင် တိတိကျကျသိပါရစေ၊ အဲ့ဒီလောက်တော့

မေးခွင့်ရှိတယ်၊ ဒါဟာသူ့ကိုကျွန်တော်တို့က ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတာလည်း မဟုတ် ဒါက ပထမအဆင့်ပေါ့။

တစ်ချို့ဟာတွေကို သူကောင်းကောင်း မွန်မွန် သူဘယ် အဖွဲ့စည်းကပါ တာဝန်အရ ဘယ်သူဘယ်ဝါ လာပြီးတော့ မေးရတာပါဖြစ်ပါတယ်။ ဟုတ်ပြီ ဖြေလိုက်ပါတယ် ဒီလူနဲ့ ကျွန်တော်က ခင်တယ် ငယ်ငယ်တည်း ကသူငယ်ချင်း သို့မဟုတ် ဘယ်တုန်းကသိတယ်။ သူဖိတ်လို့ကျွန်တော် သွားတာ လမ်းမှာတွေ့ တော့စကား ပြောတာ ကျွန်တော်တို့ ဘာမှလဲဖုန်း ကွယ်ထားစရာ မလိုဘူး။ နိုင်ငံရေးလုပ်တဲ့ အလုပ်ကို ခိုးကြောင်ခိုးဝှက် လုပ်ရမဲ့ အလုပ်လည်းမဟုတ်ဘူး၊ တစ်နိုင်ငံလုံး အရေးအတွက် လုပ်နေတာအဲ့ဒီတော့ မေးရင် ဖြေယုံပဲပေါ့။

နောက်တစ်ခုနောက် တဆင့်တက် ပြီးတော့ ဘာလာလုပ်တာလဲ၊ ဘယ်မသွားနဲ့။ တကယ်လို့ ခင်ဗျား မလိုက်နာဘူးဆိုရင် ခင်ဗျား ဒုက္ခရောက်သွား လိမ့်မယ်၊ အရေးယူ ခံရလိမ့်မယ်လို့ သူကပြောလာပြီ ဆိုရင် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဘဲ ပြန်တော့ပြောပါ၊ ဟုတ်ကဲ့ ဥပဒေအရ တားမြစ် တာကန့် သတ်တာဆိုရင်တော့ ကျေးဇူးပြုပြီးခင်ဗျားရဲ့ ရာထူးအဆင့်အတန်း ဘယ်သူဘယ်ဝါကနေ ဒီလူနဲ့ မဆက်ဆံ ပါနဲ့၊ ဒီနေရာကိုမသွားပါနဲ့ မသွားနဲ့တားမြင့်တယ်၊ ချိုးဖောက်ရင်အရေးယူ မယ်လို့ အသိပေးတယ် ဆိုတာကို စာနဲ့ပေနဲ့ ဥပဒေအရ  ဘောင်ဝင်အောင် ကျွန်တော်ကို လုပ်ပေးပါ။ ကျွန်တော် တရားဥပဒေ စိုးမိုးရေးကို ကျွန်လေးစားပါတယ်။ ကျွန်တော်ကိုယ်တိုင် ကလည်း လိုက်ပါတယ်။ ဥပဒေအရမဟုတ်တဲ့ ဥပဒေမဲ့ ခြိမ်းခြောက်တာ မျိုးဆိုရင် ကျွန်တော် လက်မခံနိုင်ဘူး။ အဲ့ဒီလောက်တော့ ကျွန်တော်တို့ ပြည်သူတစ်ဦးချင်း ကနေပြီးတော့ အဲ့ဒီလောက် လုပ်ရဲတယ်ဆိုရင် ဒါဟာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ သူတွေကို ကျွန်တော်တို့က ရန်လိုနေတာ လည်းမဟုတ် သူတို့နဲ့ကျွန်တော်တို့ ထိပ်တိုက် ရင်ဆိုင်နေတာလည်း မဟုတ် ကျွန်တော်တို့ ကိုယ်တိုင်က ဥပဒေစိုးမိုးရေးကို စောင့်ရှောက်နေတာ ဖြည့်ဆည်းပံ့ပိုးပေးနေတယ် ဆိုတဲ့ အသိနဲ့ ဒီလောက် ပြည်သူတို့ဖက်ကနေ တုန့်ပြန်ရဲတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံ အပြောင်းအလည်း ဖြစ်ဖို့အတွက် ဒီမိုကရေစီ ပေါ်ထွန်းဖို့အတွက် အင်မတန်နီးကပ်လာပြီ လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော် လေးလေးနက်နက်နဲ့ အကြံပေးချင်တာက ဘုမသိ၊ ဘမသိ ကြောက်မပစ်လိုက်ပါနဲ့။ မကြောက်ခင် မှာ ခဏလေး ရပ်လိုက်ပါ၊ စောင့်လိုက်ပါ။ ပြီးတော့ကိုယ်မေး သင့် တာပြန်မေးပါ။

ခုနကလိုပေါ့ ယဉ်ယဉ်ကျေးကျေးနဲ့ အဲ့ဒီလောက်တော့ပြန်ပြောပေါ့၊ တချို့ကြတော့လည်းလက် လွတ်စပယ် လုပ်ပိုင်ခွင့်ကို အလွန်အကျွံသုံးတဲ့ ပြဿနာမျိုးတွေ ရှိခဲ့လို့ရှိရင် သူ့ပါသူပြန်ထိန်းသိမ်းသွား ပါလိမ့်မယ်။ ပြန်ဆုတ်သွားပါလိမ့်မယ်။ တကယ့်တတယ် နတ်ပိတ်တဲ့အနေနဲ့ လက်လွတ်စပယ် ခြိမ်းခြောက် တာမျိုးဟာ စာနဲ့ပေနဲ့ ရေးပြီးတော့ ခင်ဗျား တာဝန်ယူပြီး ခြိမ်းခြောက်တယ် ဆိုတာကို ခင်ဗျား တာဝန်ယူပြီး

လက်မှက်ထိုးပါ ဆိုရင် ဘယ်သူမှ မထိုးရဲဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ တစ်ခုခု ပြဿနာ ဖြစ်ပြီဆိုရင် အပေါ်ကဘယ်သူကမှ အကာအကွယ်မပေးဘူး ရုပ်ပျက်ဆင်းပျက် တရားလက်လွန် ဖြစ်ပြီးဆိုရင် သူတိုခံရမှာ အဲ့ဒီတော့ သူတို့ကိုယ်၌ကလည်း ကြောက်ကြောက်နဲ့ ခင်ဗျားတို့ကို လာပြောနေတာ။ အကြောက်လွန်ပြီး တော့ခင်ဗျားတို့ကို လက်လွတ်စပယ် ခြိမ်းခြောက် နေတာပါဆိုတာကို တော့ခင်ဗျားတို့ သိထားဖို့လိုတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဒီလို တုန့်ပြန်တာဟာ ပုဂ္ဂိုလ်ရေး အာဃာတမပါဘူး၊ ဘယ်သူရယ် ဘယ်ဝါရယ် ဆိုပြီးတော့ကျွန်တော်တို့ ရန်လိုမုန်းတီးတဲ့ စိတ်နဲ့ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အခွင့်အရေး လုပ်သင့် လုပ်ထိုက်တာကို တုန့်ပြန်တဲ့သဘော ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်တဲ့ သဘော၊ ကျင့်သုံးတဲ့ သဘောသာ ဖြစ်တယ်။ အဲ့ဒီလောက်တော့ လုပ်ဖို့လိုတယ်။ အဲ နောက်တဆင့် ကတော့ ကျွန်တော်တို့ နယ်ပယ်အသီးသီး၊ ဒေသအသီးသီး၊ ဥပဒေမဲ့ဝဲပကျင့်တာတွေ ၊ ဝဲပကျင့်ခံနေရတာတွေ၊ အဂတိလိုက်စား နေတာတွေ ၊ အာဏာအလွဲသုံးစားလုပ်နေတာတွေ အဲ့ဒါမျိုးတွေနဲ့ ပတ်သက်လို့ ကိုယ်တိုင်ခံစား ရတဲ့သူတွေအနေနဲ့ မိမိဒီလိုပြုကျင့် ခံရတာဆိုတာကို သက်ဆိုင်ရာ တရားရုံးတွေမှာ ဦးတိုက်ပြီးတော့ လျှောက်ပါ။ အဲ့တာဟာ ကျွန်တော်တို့ ဆူပူလှုံ့ဆော်ဖို့ အုံကြွဖို့လုပ်နေတာ မဟုတ်ပါဘူး။ ဥပဒေဘောင် အတွင်းကနေ နိုင်ငံသား တစ်ယောက်ရဲ့ ရပိုင်ခွင့်ကို ကျင့်သုံးတာဖြစ်ပါတယ်။ တရားဥပဒေ စိုးမိုးရေးကို ဝိုင်းဝန်းပြီးတော့ ထိန်းသိမ်း ကာကွယ်နေတာ ဖြစ်တယ်။ ဒါကြောင့်မို့ ဥပဒေဘောင်အတွင်းက ရင်ဆိုင်ရဲတဲ့ ရင်ဆိုင်တတ်တဲ့ အလေ့အကျင့်တွေကိုလည်းပျိုးထောင်ဖို့လိုပါတယ်။ ဒီနေရာမှာ ဥပဒေပညာရှင်တွေ ရှေ့နေတွေရဲ့ အခန်းကဏ္ဍတွေက အရေးကြီးပါတယ်။ သူတို့အတွက် တရားဥပဒေ ဘက်တော် သားတွေပါ။ တရားဥပဒေကို စောင့်ရှောက်ရမယ့် ကာကွယ်ရမဲ့ တာဝန်ဟာသူတို့ရဲ့ အဓိကတာဝန်ပါ။ ဒါ့ကြောင့်မလို့ တချို့ရှေ့နေတွေက မတတ်နိုင်ဘူး၊ မတရားတာကြီးကို ပေးကမ်း နေရတဲ့ အဖြစ်ပျက်မျိုးတွေဟာ ဒေသအသီးသီး၊ နယ်ပယ် အသီးသီးမှာ ရှိပါတယ်။ အဲ့တာတွေနဲ့ ပတ်သက်ပြီးတော့ တရားဥပဒေစိုးမိုး ရေးရှုဒေါင့်က နေပြီး ကူညီပေးကြဖို့ ဥပဒေပညာရှင်တွေ၊ ရှေ့နေအသီးသီး တွေကိုလည်းဘဲ ကျွန်တော်တို့ အနေနဲ့ မေတ္တာရပ်ခံ ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ပါတီစုံဒီမိုကရေစီရှင်သန်ဖို့၊ ဖွံ့ဖြိုးဖို့ဆိုတာက တရားဥပဒေ စိုးမိုးရေးဟာ အဓိအကျဆုံးပါပဲ။ အဲ့ဒီတော့ ဒီတရားဥပဒေ စိုးမိုးရေးကို အုတ်မြစ်ချဖို့၊ ကာကွယ်စောင့်ရှောက်ဖို့ ဆိုတာ တရားဥပဒေ ဘက်တော်သားတွေ၊ ရှေ့နေတွေ၊ တရားသူကြီး တွေအခန်း ကဏ္ဍ အင်မတန် အရေးကြီးပါတယ်။ အဲ့ဒီတော့ ပြည်သူတွေအနေနဲ့က လည်းပဲ မိမိကို အဓမ္မပြုကျင့်တယ်၊ ဥပဒေမဲ့ ပြုကျင့်ခံရတယ်ဆိုတာ တွေနဲ့ပတ်သက်ပြီးတော့ တရားခွင်နယ်မှာ ဦးတိုက်ပြီး တော့လျှောက် ထားရဲတဲ့၊ တင်ပြရဲတဲ့ သတ္တိမျိုးကို မွေးမြူဖို့လိုပါတယ်။ အဲ့ဒီနေရာမှာတော့ပြောစရာ ရှိတာပေါ့နော်။ တရားစွဲ လည်းမထူးပါဘူး သူတို့က သူတို့ဘာသာဆုံးဖြတ်ချင် သလိုဆုံးဖြတ်နေတာပဲ ဒါကကျွန်တော်တို့ အရပ် စကားပြောတာ ပေါ့နော် ။ တကယ့်တကယ်မှာကြတော့

ကျွန်တော်တို့မှာ (၁၉၈၈) နဲ့မတူတဲ့အချက် ကတော့ သတင်းမီဒီယာတွေ ပွင့်လင်းတာတာ။ အဲ့တော့ ဥပဒေမဲ့ပြုကျင့်ခံရတယ် အဲ့တာကို ရုံးတက်တရား စွဲတဲ့ခါ တရားရုံးက မတရား စီရင်ချက် ချတယ်ဆိုရင်လည်း တိုးတိုးတိတ်တိတ်နဲ့တော့ ပြီးမသွားပါဘူး။ ကျွန်တော်တို့ ဒီခေတ်မှာ သတင်းပြန်ကြားရေးစနစ်ဟာ အင်မတန်မှ လျှင်မြန်ပါတယ်။ အဲ့ဒီတော့ ဒီတရားရေး အဖွဲ့ကနေပြီးတော့မှ မလျှော်သြဇာသုံးမယ် မတရားစီရင်ချက် ချမယ်၊ မမှန်မကန် ဆုံးဖြတ်တယ်ဆိုရင် လည်းဘဲ ဒါဟာကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တည်ဆဲတရားဥပဒေ စိုးမိုးရေး အခြေအနေ ဘယ်လောက်ရှိ သလဲဆိုတာကို စမ်းသပ်နေတဲ့ ဖော်ထုပ်နေတဲ့ အခြေအနေ တရပ်တော့ဖြစ်သွားမှာပါ။ အဲ့တာဟာ ကျွန်တော်တို့ပြောနေအထဲ လူပုဂ္ဂိုလ် အဖွဲ့အစည်း ဦးတည်ပြီးတော့ ကျွန်တော် တို့တိုက်ခိုက်နေတာ၊ ရန်လိုမုန်းတီးတဲ့ စိတ်နဲ့လုပ်နေတာလည်း မပါပါဘူး။ ကျွန်တော်တို့ သွားနေတာက တရားမှုနဲ့မတရား မှုနဲ့ကြားမှာ တရားတဲ့ဖက်၊ အမှန်တရားဖက်ကနေရပ်ခံသွားဖို့ ရပ်တည်သွားဖို့ တိုက်တွန်းခြင်း ဖြစ်ပါတယ်။ အဲ့တာကလည်း နိုင်ငံရဲ့ တည်ဆဲ တရားဥပဒေ စိုးမိုးရေး ဘောင်ထဲက ကြိုးပမ်းတာ ဖြစ်တဲ့ အတွက်ကြောင့်၊ အဲ့ဒီအတွက် လက်လွတ်စပယ် အရေးယူလို့ အပြစ်ပေးလို့ မရပါဘူး။ ပြည်သူတွေအနေနဲ့ မိမိနေ့စဉ် ကြုံတွေ့နေရတဲ့ ပြဿနာတွေထဲမှာ ဥပဒေကြောင်းအရ ရင်ဆိုင်လို့ရတဲ့ ကိစ္စတွေကိုလည်း ရဲရဲတင်းတင်း ရင်ဆိုင်စေချင်ပါတယ်။ အဲ့ဒီလို အမှုအခင်းတွေရုံးထုတ်တဲ့ အမှုချိန်း စွဲဆိုသည့် နေ့တွေဆိုလည်းဘဲ အခြားစိတ် ဝင်စားတဲ့ ပြည်သူတွေ၊ ဘဝတူပြည်သူတွေ အနေနဲ့ တရားခွင်မှာ သွားရောက်နားထောင်ခြင်း အားဖြင့် တရားခွင် ဗဟုသုတတွေ ရရှိစေသလို ကိုယ်တိုင်ကြုံတွေ့တဲ့ အခါမှာလည်း ဘယ်လိုမျိုး တရားခွင်ကို ချဉ်းကပ်ရသလဲ တရားခွင်မှာ ဘယ်လိုလျှောက်လဲ ရသလဲဆိုတာ အလေ့အကျင့် ဗဟုသုသ တွေကို ဆင့်ပွားရရှိစေမှာ ဖြစ်ပါတယ်။ အဲ့တာကြောင့်မလို့ ကျွန်တော်တို့နိုင်ငံမှာ တရားမျှတတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ် ဖို့အတွက် ပြည်သူ တစ်ဦးခြင်းက လုပ်နိုင်တဲ့ အပိုင်းတွေကို ကမူးရှူးတိုးနဲ့ သွေးပူပြီး လုပ်ဆောင်တဲ့ အပိုင်းမဟုတ်ပဲနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ စနစ်တကျ ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေအများ ကြီးရှိပါတယ်။ အဲ့ဒီလိုအခွင့်အလမ်းတွေကို အသုံးချပြီးတော့ ပြည်သူတစ်ဦးခြင်း အနေနဲ့ပါ နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးနဲ့ အမှန်တရားပေါ်တွန်းရေးအတွက် ဆောင်ရွက်နိုင်တဲ့ အခန်းကဏ္ဍတွေကို ထိထိရောက်ရောက် ဆောင်ရွက်ကြ ဖို့အတွက် ကျွန်တော် တိုက်တွန်းချင်ပါတယ်။ အကြံပေးချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးသမားတွေဟာ နိုင်ငံရေးတာဝန်ယူနေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ကလည်းပဲ ပြည်သူတွေရဲ့ နေ့စဉ်ဒုက္ခတွေကို ကျွန်တော်တို့က ကိုယ်စားပြုပြီးတော့ ဖော်ထုပ်နေရမှာဖြစ်သလို နိုင်ငံရေးအမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် ဖြစ်နိုင်တဲ့ နည်းလမ်းပေါင်းစုံကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကျွန်တော်တို့က ရှာဖွေဖော်ထုပ်နေရမှာ၊ ချဉ်းကပ်နေရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတွေ လုပ်ရမည့်အပိုင်း လုပ်နိုင်တဲ့အပိုင်းကို ပြည်သူတွေဖက်က တာဝန်ကျေဖို့လိုသလို နိုင်ငံရေးသမားတွေ နိုင်ငံရေးဦးဆောင်နေ တဲ့သူအနေကလည်း ကျွန်တော်တို့

ကမ္ဘာ့ဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုတွေ နည်းလမ်းရှာဖွေမှုတွေ ပြည်သူတွေနဲ့ ထိစပ်ပြီးတော့ ပြည်သူတွေရဲ့ဘဝ၊ ပြည်သူတွေရဲ့ အခက်အခဲတွေ ထင်ဟပ်ဖော်ထုပ်နိုင်ရန် အတွက်လည်း ကျွန်တော်တို့က ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ အဲ့ဒီလိုသာ တက်ညီလက်ညီနဲ့ ဟန်ချက်ညီညီနဲ့ ကျွန်တော်တို့ ကြိုးပမ်း ဆောင်ရွက်သွားမယ်ဆိုရင် လက်ရှိ တပ်မတော် အကြီးအကဲ အနေနဲ့ကလည်းပဲ ဒါဟာလွယ်လွယ်ကူကူ လက်ညှိုးထိုးပြီးတော့ အဖျက် အမှောက် ဆူပူမှုတွေလို့ စွပ်စွဲလိုက်ယုံနဲ့ ပြဿနာက ပြေလည်သွားမှာ မဟုတ်ဘူး ဒီလူဒီလူတွေဟာ စနစ်တကျနဲ့ တရားဥပဒေ ဘောင်အတွင်းကနေ ကြိုးပမ်းနေ တယ်။ ချဉ်းကပ်နေတယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိုလည်း တကယ် လိုလိုလားလားနဲ့ ဆောင်ရွက် နေတာကို အသိအမှတ်ပြုဖို့လိုပါတယ်။ အဲ့ဒီလိုသာ ဘက် အသီးသီးမှ နေပြီးတော့ ကျွန်တော်တို့ဆောင်ရွက် သွားကြမယ်ဆိုရင် စုံမှတ်တခုမှာ အားလုံး လိုလားတောင်းတနေတဲ့ ဖြစ်စေချင်နေတဲ့ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်ကို မလွဲမသွေရောက်ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော် ပြောကြားလိုပါတယ်။